သစ်ကြီးတောကျေးရွာ
ထန်းစင်ကျေးရွာအုပ်စု၊ရွှေဘိုမြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ သစ်ကြီးတောကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရွှေဘိုမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

နိုဝင်ဘာလ၊ ၂၀၁၈

သစ်ကြီးတောကျေးရွာ
ထန်းစင်ကျေးရွာအုပ်စု၊ရွှေဘိုမြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ သစ်ကြီးတောကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရွှေဘိုမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

နိုဝင်ဘာလ၊ ၂၀၁၈

မာတိကာ

မာတိကာ

သစ်ကြီးတောကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ရွှေဘိုမြို့နယ်

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး


(ဇ) ကျား-မ ရေးရာ

(ဈ) လူငယ်ဖွံ့ဖြိုးရေး

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲ(၁) - သစ်ကြီးတောကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

နောက်ဆက်တွဲ(၂) - သစ်ကြီးတောကျေးရွာ ဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ



7.6.2018

* သစ်ကြီးတောရွေးကွက် သယ်ယူတင်ပြခြင်းပုံ *

၁။ တည်နေရာနှင့် ပထဝီအနေအထား

သစ်ကြီးတောကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ထန်းစင်ကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ရွှေဘိုမြို့မှ အနောက်တောင်ဘက်သို့ (၇)မိုင်ခန့်ကွာဝေး၍ ရွှေဘို- ဆိပ်ခွန်လမ်းမကြီးဘေး (၃)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ ဘေးပတ်ဝန်းကျင်တွင် လယ်မြေများ ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်(၄၂)လက်မခန့် ရရှိပါသည်။ သဘာဝပေါက်ပင်များအနေဖြင့် တမာ၊ မန်ကျည်း၊ ထနောင်း၊ ကုက္ကို၊ ယူကလစ်၊ ဇီး၊ ညောင်ပင်နှင့် ကန္တာရပင်များ ပေါက်ရောက်ကြပါသည်။ မိုးစပါး၊ နွေးစပါး နှစ်စဉ် သီးထပ် စိုက်ပျိုးနိုင်သော လယ်(၁၄၈)ဧကရှိပြီး သဖန်းဆိပ်ဆည်ရေ သောက်ဧရိယာအတွင်းရှိပြီး စိုက်ပျိုးရေ အလုံအလောက်ရရှိသောကြောင့် ရာသီအလိုက် စိုက်ပျိုး နိုင်ပါသည်။ သဘာဝဆေးဖက်ဝင်အပင်များဖြစ်သည့် ကျောက်ကွဲ၊ ထိဂရုန်း၊ ဂျာမဏီ၊ ဆေးဂမုန်းပင် အနည်းငယ်ရရှိပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

သစ်ကြီးတောကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများအဖြစ် ရပ်မိရပ်ဖ၊ ကျောင်းကော်မတီ၊ လမ်းကော်မတီ၊ ဂေါပက၊ မီးလင်းရေးကော်မတီ၊ မီးသတ်အဖွဲ့၊ လူမှုရေးအဖွဲ့ဟူ၍ စုစုပေါင်း(၇)ဖွဲ့ရှိပါသည်။ အဖွဲ့အစည်းများ၏ စွမ်းဆောင်မှုမှာ အသင့်အတင့်ရှိပါသည်။ ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးကိစ္စများအား ရပ်မိရပ်ဖများ၏ ဦးဆောင်မှုဖြင့် အဖွဲ့အစည်းအားလုံး ပူးပေါင်းဆောင်ရွက်လေ့ရှိပါသည်။ ယခင်က ကျေးရွာ၏ လိုအပ်ချက်များကို စီမံကိန်းရေးဆွဲဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းမရှိခဲ့သော်လည်း (၂၈.၅.၂၀၁၈) ရက်နေ့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနည်းသင်တန်း တက်ရောက်ပြီးနောက် ယခုအခါ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်း၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို စီမံကိန်း ရေးဆွဲထားရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

သစ်ကြီးတောကျေးရွာတွင် အိမ်ထောင်စု(၈၃)စုရှိပြီး လူဦးရေမှာ အမျိုးသား(၁၅၁)ဦး၊ အမျိုးသမီး(၁၈၅)ဦး၊ စုစုပေါင်း(၃၃၆)ဦးဖြစ်ရာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄)ဦးခန့် ရှိပါသဖြင့်

လူသားအရင်းအမြစ် နည်းနေသေးပါသည်။ သို့ရာတွင် အလုပ် လုပ်နိုင်သည့်အရွယ်တွင် (၂၃၉)ဦး ရှိ၍ လူလတ်ပိုင်းများသည် ဟု ဆိုနိုင်ပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်များပြားပြီး ကလေးဦးရေ မှာ အနည်းငယ်သာ ရှိသည်ကို တွေ့ရပါသည်။

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၈၃)အိမ်ထောင်စုရှိသည့်အနက် လယ်ပိုင်ဆိုင်သည့် အိမ်ထောင်စု(၁၉)စုရှိပါသည်။ မြေယာမဲ့အိမ်ထောင်စု(၆၄)စုရှိပါသည်။ အိမ်ထောင်စု(၈၃)စုတွင် အဓိကဝင်ငွေရလုပ်ငန်းအဖြစ် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ (၂၂)အိမ်ထောင်စုရှိပြီး မိသားစုဝင်လုပ်အား(၃၃)ဦးရှိပါသည်။ ငါးမွေးမြူရေးလုပ်သားအဖြစ် လုပ်ကိုင်သူ(၁)အိမ်ထောင်စု၊ ယက္ကန်းလုပ်ငန်းလုပ်ကိုင်သူ(၅)အိမ်ထောင်စု၊ စျေးအရောင်းအဝယ်လုပ်ကိုင်သူ(၂)စု၊ ကျပန်းလုပ်ငန်း လုပ်ကိုင်သူ(၅၃)စုတို့ ဖြစ်ကြပါသည်။ အခြားဝင်ငွေရအလုပ်အကိုင်အဖြစ် ယက္ကန်း၊ စက်ချုပ်နှင့် ကျပန်းအလုပ်များကို တွဲဖက်လုပ်ကိုင်ကြပါသည်။ လယ်ယာပိုင်ဆိုင်မှုမရှိသည့် ကျပန်းအိမ်ထောင်စု များသည် ရာသီပေါ်လုပ်ငန်းများ လုပ်ကိုင်ကြပါသေးသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ပုတ်ပြတ်လုပ်အားခအနေဖြင့် အလုပ်ပြီးစီးမှုအလိုက် အနည်းဆုံး ကျပ်(၅၀၀၀/-)မှ အများဆုံး ကျပ် (၁၀၀၀၀/-)အထိ ရရှိကြပါသည်။

လယ်ယာစိုက်ပျိုးသူများအနေဖြင့် မိုးစပါး၊ နွေစပါး သီးထပ်စိုက်ပျိုးကြပြီး စုစုပေါင်း စိုက်ဧက(၁၄၈)ဧက ရှိပါသည်။ မိုးစပါးနေဖြင့် ရွှေဘိုပေါ်ဆန်းမွေး(ဘေးကြား)စိုက်ပျိုးကြပြီး ဝါခေါင်လမှ ပြာသိုလအတွင်း စိုက်ပျိုးရိတ်သိမ်းကြပါသည်။ မိုးစပါးတစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း(၆၅)တင်းထွက်ရှိပြီး အမြတ်ငွေ အသင့်အတင့် ရရှိပါသည်။ နွေစပါးကို တန်ခူးလမှ ဝါဆိုလ အတွင်း စိုက်ပျိုးကြပါသည်။ နွေစပါးကို ရွှေဝါထွန်း၊ ၇၄၇၊ ပုလဲသွယ်တို့ စိုက်ပျိုးကြပြီး တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း (၈၀)တင်းထွက်ရှိ၍ အမြတ်ရရှိငွေ သင့်တင့်ပါသည်။ ကျေးရွာ သည် သဖန်းဆိပ်ဆည်သောက်ဧရိယာအတွင်း တည်ရှိသဖြင့် နွေး၊ မိုး၊ ဆောင်း စိုက်ပျိုးရေ လုံလောက် စွာရရှိနိုင်ခြင်း၊ လယ်မြေများရှိခြင်း၊ လုပ်သားများ ရရှိနိုင်ခြင်း စသည့် အခွင့်အလမ်း များ ရှိပါသည်။ သို့ပါ၍ မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေးနည်းစနစ်များ ရရှိလာပါက သီးနှံ ဖျက်ပိုးကျရောက်မှု ကို ကာကွယ်နိုင်ပြီး အထွက်နှုန်း ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ လယ်ယာသုံးစက်ကိရိယာများ အနေဖြင့် လက်တွန်းထွန်စက်များအား လယ်ယာစိုက်ပျိုးသူ တစ်ဝက်မျှ ပိုင်ဆိုင်ပါသည်။ ကျန်စက်ကိရိယာများကိုလည်း အနည်းငယ် ပိုင်ဆိုင်ကြပါသည်။ ထွန်စက်ကြီးနှင့် ရိတ်သိမ်းခြွေလှေ့စက်များကို အခြားရွာမှ ငှားရမ်း သုံးစွဲနိုင်သည့် အခွင့်အလမ်းများရှိပါသည်။

သစ်ကြီးတောကျေးရွာတွင် ကျွဲ၊ နွားများကို လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက်သာ မွေးမြူကြပါသည်။ ကျေးရွာတွင် မြေလွတ်မြေလပ်မရှိခြင်း၊ စားကျက်မြေမရှိခြင်းနှင့် ကျေးရွာ၏ ဘေးပတ်လည်မှ လယ်များသို့ ရေသွင်းသည့်အချိန်တိုင်း ရွာတွင်းသို့ ရေများ ဝင်ရောက်လေ့ရှိခြင်း

တို့ကြောင့် ကြက်မွေးမြူရေးလုပ်ကိုင်သည့် အိမ်ထောင်စုသာ များပါသည်။ ကျေးရွာတွင် ငါးမွေးမြူရေးလုပ်ကိုင်သူမရှိပါ။

စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းပညာအနေဖြင့် အများအားဖြင့် ယက္ကန်းနှင့် စက်ချုပ်ပညာကိုသာ တတ်မြောက်ကြပါသည်။ သို့သော် ကျွမ်းကျင်သည့်ပညာရှင်များနှင့် သင်ယူရန် လိုအပ်နေပါသေးသည်။ အခြားအသက်မွေးဝမ်းကျောင်းပညာရပ်များလည်းတတ်မြောက်ရန် လိုအပ်နေပါသေးသည်။ ကျပန်းလုပ်သားများအား စက်မောင်း၊ ယာဉ်မောင်း ပညာရပ်များ သင်ကြားပေးနိုင်ပါက အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာပြီး မိသားစုဝင်ငွေ တိုးတက်ရရှိလာနိုင်မည်ဖြစ်ပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

သစ်ကြီးတောကျေးရွာသည် ရွှေဘိုမြို့မှ အနောက်တောင်ဘက်သို့ (၇)မိုင်ခန့်ကွာဝေး၍ ရွှေဘို- ဆိပ်ခွန်လမ်းမကြီးဘေး (၃)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာအတွင်း စေတီတစ်ဆူနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းရှိပြီး ကျေးရွာ၏ ဘာသာရေး၊ ရပ်ရေးရွာရေးကိစ္စရပ် များဆောင်ရွက်ကြပါသည်။ ကျေးရွာအဝင်လမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးရေများဝင်သော အခါ သွားလာရေးခက်ခဲပါသဖြင့် ကျောက်ချောလမ်းခင်းနိုင်ပါက သွားလာရေးအဆင်ပြေပြီး ကျေးရွာပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ ကျေးရွာအဝင်တံတားမှာလည်း သစ်သားတံတားဖြစ်ပြီး တည်ဆောက်သည့်ကာလ ကြာမြင့်နေသည့်အတွက် ကျေးရွာမှ တစ်ချောင်းကျိုး တစ်ချောင်းထည့်၍ ပြုပြင်ပြီး တစ်နှစ်လုံးသုံးစွဲနေကြရပါသည်။ သို့ပါ၍ ကွန်ကရစ်တံတားတည်ဆောက်နိုင်ပါက စိုက်ပျိုးရေးထုတ်ကုန်များ၊ မြို့စျေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်ပြီး ကျေးရွာ၏ စီးပွားရေးဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ ကျေးရွာတွင်စာသင်ကျောင်းတစ်ကျောင်းရှိပြီး ကျေးလက်ဆေးပေးခန်းမရှိပါ။

သစ်ကြီးတောကျေးရွာတွင် သောက်သုံးရေရရှိမှုအနေဖြင့် အဝီစိတုံကင်(၄၀)တွင်း ကိုယ်ပိုင်ရှိပြီး ရေတွင်းမရှိသော အိမ်ထောင်စုများသည် နီးစပ်ရာအိမ်များတွင် တွဲ၍ အသုံးပြုကြပါသည်။ ကျေးရွာထိပ်ရှိ ရေကန်မှလည်း သောက်သုံးရေရရှိသဖြင့် သောက်သုံးရေရရှိမှု လုံလောက်သည်ဟု ဆိုရမည်ဖြစ်ပါသည်။ သောက်သုံးရေအရည်အသွေး စနစ်တကျ စစ်ဆေးထားခြင်း မရှိပါ။

သစ်ကြီးတောကျေးရွာသည် လျှပ်စစ်မီးမရရှိသေးပါ။ မီးလင်းရေးအဖွဲ့မှ လျှပ်စစ်မီးတိုင်နှင့် မီးကြိုးများ သွယ်တန်းထားရှိပြီး လျှပ်စစ်မီးရရှိရန် ဆောင်ရွက်လျက်ရှိပါသည်။ အိမ်ထောင်စု (၆၀) မှာ ဆိုလာမီးကို အသုံးပြုကြပြီး ကျန်အိမ်ထောင်စုများမှာ ဘက်ထရီမီး၊ LEDမီး၊ ဖယောင်းတိုင်မီး များကို အသုံးပြုကြပါသည်။ သို့ပါ၍ လျှပ်စစ်မီးရရှိရန် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ထည့်သွင်း

ရေးဆွဲထားပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြထားပါသည်။

ကျေးရွာတွင် ဆက်သွယ်ရေးအနေဖြင့် မိုဘိုင်းဖုန်းကို အများဆုံး အသုံးပြုကြပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းအရေအတွက် (၉၆)လုံးရှိသဖြင့် အိမ်ထောင်စုတိုင်းလိုလို မိုဘိုင်းဖုန်း အသုံးပြုနိုင်ကြပါသည်။ သတင်းအချက်အလက်များကို ရုပ်မြင်သံကြားနှင့် ဂြိုလ်တုစလောင်းများမှ ရရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

သစ်ကြီးတောကျေးရွာသည် ငွေကြေးဝန်ဆောင်မှုအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧကလျှင် (၁၅၀၀၀၀/-)နှုန်းဖြင့် (၁၀)ဧကအထိ ချေးယူနိုင်ပါသည်။ သမဝါယမမှ အသင်းဝင် တစ်ဦးလျှင် အတိုးငွေ(၁ ကျပ်ခွဲ)နှုန်းဖြင့် ချေးငွေ ကျပ်(၁၀၀၀၀၀/-)ကျပ် ထုတ်ချေးပေးပြီး (၆)လကြာလျှင် ပြန်လည်ပေးဆပ်ရပါသည်။

(င) ပညာရေး

သစ်ကြီးတောကျေးရွာတွင် အခြေခံမူလတန်းကျောင်း တစ်ကျောင်းရှိပြီး ကျောင်းဆောင်မှာ ကျောင်းသားများအတွက် လုံလောက်သော အကျယ်အဝန်းရှိပါသည်။ သစ်ကြီးတောကျေးရွာမှ အလယ်တန်း၊ အထက်တန်းကျောင်းသားများသည် (၂)မိုင်ခန့်ဝေးကွာသော ပလိုင်းကျေးရွာသို့ သွားရောက်ပညာသင်ကြားကြရပါသည်။ သို့ပါ၍ ကျောင်းသားများအတွက် ယာဉ်အန္တရာယ်များရှိခြင်း၊ ငွေကြေးခက်ခဲသဖြင့် စက်ဘီးအသုံးမပြုနိုင်၍ ခြေလျင်သွားရောက်ရသည့်အတွက် အချိန်မီမရောက်ရှိနိုင်ခြင်း စသည့်အခက်အခဲများရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် မူလတန်းလွန်ကျောင်းအဆင့်ရရှိပါက ကျောင်းသားများအတွက် ပညာသင်ကြားရာတွင် အဆင်ပြေချောမွေ့စွာ သင်ကြားနိုင်မည်ဖြစ်ပါသည်။ ကျေးရွာတွင် ပညာရေးအားပေးမှုမရှိသဖြင့် ဘွဲ့ရရှိသူဦးရေ အလွန်နည်းပါးပါသည်။

ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းပညာအနေဖြင့် ယက္ကန်းနှင့် စက်ချုပ်ပညာတတ်မြောက်မှု အနည်းငယ်ရှိသော်လည်း ကျွမ်းကျင်တတ်မြောက်ရန် လိုအပ်နေပါသည်။ သို့ပါ၍ ကျွမ်းကျင်သည့် ယက္ကန်းပညာရှင်များနှင့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် လိုအပ်ပါသည်။

(စ) ကျန်းမာရေး

သစ်ကြီးတောကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျန်းမာရေး စောင့်ရှောက်မှု ရရှိရန် (၆)မိုင်ခန့်ဝေးသည့် ဆိပ်ခွန်တိုက်နယ်ဆေးရုံသို့ သွားရောက်ကုသကြရပါသည်။ ကျန်းမာရေး ဌာနမှ ကာကွယ်ဆေး လာရောက်ထိုးပေးမှုရှိပါသည်။ မိုးရာသီ၌ ရေဝင်ရောက်သဖြင့် ခြင်များ ပေါက်ဖွားပြီး သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားကြပါသည်။ ဆိပ်ခွန်ကျေးရွာတိုက်နယ်ဆေးရုံ၊ ရွှေဘိုမြို့ဆေးရုံတို့နှင့် အလှမ်းဝေးခြင်းတို့ကြောင့် ကျေးရွာရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ အသက်ကြီးသည့် အဖိုးအဖွားများနှင့် ကလေးသူငယ်များအတွက် ကျန်းမာရေး အရေးပေါ် ကိစ္စများတွင် အခက်အခဲ ရှိပါသည်။ သို့ပါ၍ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရရှိရန် လိုအပ်ပါသည်။ အာဟာရအနေဖြင့် ဆိုးရွားသည့် အခြေအနေ မကြုံတွေ့ရပါ။

ကျေးရွာတွင် မိမိအိမ်ဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ကြသော်လည်း ကျေးရွာပတ်ဝန်းကျင် သန့်ရှင်းရေးကို စုပေါင်းလုပ်ဆောင်မှု အားနည်းလျက်ရှိပါသည်။ အိမ်သုံးစွန့်ပစ်ပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများ စွန့်ပစ်ရာတွင် အမှိုက်စွန့်ပစ်ရန် သတ်မှတ် နေရာမရှိခြင်းကြောင့် စနစ်တကျစွန့်ပစ်မှု အားနည်းနေပါသည်။ အိမ်ထောင်စု(၈၃)စုတွင် ယင်လုံအိမ်သာကိုယ်ပိုင် (၄၄)အိမ်ထောင်စု သုံးစွဲကြပြီး (၁၂)စုမှာ နီးစပ်ရာအိမ်များတွင် ယင်လုံအိမ်သာ တွဲဖက်အသုံးပြုကြပါသည်။ အိမ်ဝန်းမြေနေရာကျဉ်းမြောင်းခြင်း၊ စီးပွားရေးအဆင်မပြေခြင်းတို့ကြောင့် အိမ်ထောင်စု (၂၇)စု သည် အိမ်သာမရှိကြဘဲ ရွာအပြင်ဘက်ရှိ လယ်ကွင်းများအနီး ခြုံစပ်များတွင် အသုံးပြုကြရပါသည်။ သို့သော်လည်း သန့်ရှင်းရေးနှင့်ပတ်သက်၍ ပြင်းထန်သည့်ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိပါ။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သစ်ကြီးတောကျေးရွာ၏ ဘေးပတ်ဝန်းကျင်တွင် လယ်မြေများဖြစ်ပါသည်။ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သော်လည်း တစ်နှစ်လျှင် နွေစပါး၊ မိုးစပါး နှစ်သီးစိုက်ပျိုးခြင်းကြောင့် မြေပြင်ချိန်၊ မြေလှပ်ချိန်နည်းခြင်း၊ ဓါတ်မြေဩဇာများ သုံးစွဲမှု နည်းစနစ်မမှန်ခြင်း၊ ပိုးသတ်ဆေးသုံးစွဲနည်းမမှန်ခြင်းတို့ကြောင့် မိတ်ဆွေပိုးများ ပျက်စီးဆုံးရှုံးကြရပါသည်။ ကျေးရွာအတွင်းသို့ ဘေးပတ်ပတ်လည်မှ လယ်ကွင်းရှိရေများရေသွင်းသည့်အချိန်တိုင်း ရေများဝင်ရောက်လေ့ရှိပြီး ကျေးရွာ သည် ပွင့်လင်းရာသီမှသာ ရေစွတ်စိုမှုမှ ကင်းလွတ်ရပါသည်။

(ဇ) ကျား-မ ရေးရာ

ကျေးရွာရှိ အမျိုးသမီးများသည် လူမှုရေး၊ ဘာသာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ကြပါသည်။ သို့ရာတွင် အမျိုးသမီးများသည် ပညာအရည်အချင်း

တွင်လည်း နည်းပါးကြ၍ ကျေးရွာ၏ အရေးပါသော စီမံအုပ်ချုပ်မှုများတွင် ဦးဆောင်စီမံနိုင်ခြင်း မရှိသေးပါ။ အမျိုးသမီးများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် ယက္ကန်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူလုပ်အားခ ရရှိပါသည်။

(ဈ) လူငယ်ဖွံ့ဖြိုးရေး

လူငယ်များသည် ဘာသာရေးပွဲများတွင် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားစွာ ကျင်းပလေ့ရှိပြီး ရိုးရာယဉ်ကျေးမှုများကိုလည်း ထန်းသိမ်းကြပါသည်။ လူမှုရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်း များတွင်လည်း စည်းလုံးညီညွတ်စွာ ပါဝင်ဆောင်ရွက်ကြလေ့ရှိပါသည်။ လူငယ်များအတွက် စာပေ ဗဟုသုတလေ့လာရန်နေရာ စာကြည့်တိုက်မရှိသည့်အတွက် အသိပညာဗဟုသုတ အားနည်း နေကြ ပါသည်။ သို့ဖြစ်ပါ၍ စာကြည့်တိုက်နှင့် စာပေဗဟုသုတစာအုပ်များ ဆောင်ရွက်ပေးပါက လူငယ်များ အနေဖြင့် အသိပညာဖွံ့ဖြိုးတိုးတက်လာပြီး ကျေးရွာဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ ဆက်သွယ်ရေး ဖုန်းလိုင်းများ ကောင်းမွန်မှုမရှိသည့်အတွက် အင်တာနက်မှ သတင်းနှင့် နည်းပညာများ အချိန်နှင့် တစ်ပြေးညီမရရှိကြပါ။ သို့ဖြစ်ပါ၍ ဆက်သွယ်ရေးတာဝါတိုင်များ ရှိလာပါက မိုဘိုင်းဖုန်း ဆက်သွယ် ရေး လိုင်းများကောင်းမွန်ပြီး နည်းပညာများလည်း ရရှိလာမည်ဖြစ်ပါသည်။

ရွှေဘိုမြို့နယ်၊ ထန်းစင်ကျေးရွာအုပ်စု၊ သစ်ကြီးတောကျေးရွာ အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း		အဆင့်
၁	အခြေခံအဆောက်အဦ	ရွာအဝင်လမ်း ကျောက်ခဲလမ်းခင်းခြင်း	47	၁
၂	လျှပ်စစ်	11KVလိုင်း (၂)မိုင် သွယ်တန်းခြင်း၊ 100KVA ထရန်စဖော်မာ တပ်ဆင်ခြင်း	41	၂
၃	အခြေခံအဆောက်အဦ	ရွာအဝင် ကွန်ကရစ်တံတားတည်ဆောက်ခြင်း	40	၃
၄	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း	33	၄
၅	ပညာရေး	မူလွန်ကျောင်းတည်ဆောက်ခြင်း	32	၅
၆	ပညာရေး	အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများဖွင့်လှစ်ခြင်း (စက်မောင်း/ ယာဉ်မောင်း)	32	၆
၇	စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာနှင့် အတိုးနှုန်းသက်သာသော ငွေစုငွေချေး အဖွဲ့နှင့် ချိတ်ဆက်ခြင်း	25	၇
၈	စိုက်ပျိုးရေး	သင့်တင့်သောဈေးနှုန်းဖြင့် မျိုးကောင်းမျိုးသန့်ရရှိနိုင်သော အဖွဲ့အစည်းနှင့် ဆက်သွယ်ခြင်း	24	၈
၉	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ	ယက္ကန်းလုပ်ငန်းနှင့် ပါတ်သက်၍ ကျွမ်းကျင်ပညာရှင်များနှင့် ချိတ်ဆက်၍ နည်းပညာသင်တန်းပေးခြင်း	21	၉
၁၀	လူငယ်နှင့်အားကစား	စာကြည့်တိုက် တည်ဆောက်ခြင်း	21	၁၀
၁၁	သတင်းနှင့်ဆက်သွယ်ရေး	တာဝါတိုင် တည်ဆောက်ခြင်း	16	၁၁
၁၂	ကျန်းမာရေး	ကျေးရွာ၏ကျန်းမာရေးအသိ များတိုးပွားလာအောင် ဆောင်ရွက်ခြင်း ၁။ ကျန်းမာရေးအသိပညာ ဟောပြောပွဲများ ပြုလုပ်ကျင်းပပေးခြင်း။ ၂။ ကျန်းမာရေးလက်ကမ်းစာ ဆောင်များ ဖြန့်ဝေခြင်း။ ၃။ ယင်လုံအိမ်သာလိုအပ်နေ သေးသည့်အိမ်ထောင်စုများ အတွက် ယင်လုံအိမ်သာတည် ဆောင်ခြင်း။		
၁၃				

နောက်ဆက်တွဲ(၁)

ရွှေဘိုမြို့နယ်၊ သစ်ကြီးတောကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

ပြဿနာ/ အခက်အခဲ	ဖြစ်ရသည့်အကြောင်းရင်း	အခြေအနေကောင်း	ဟန့်တား	ဖြေရှင်းနိုင်သည့်နည်းလမ်းများ	အဆိုပြုစီမံချက်လုပ်ငန်းများ
၁ **ကျေးရွာမီးလင်းရေး**					
လျှပ်စစ်မီးမရရှိသေးခြင်း	မြို့နယ်မဟာဓါတ်အားလိုင်းနှင့် ၂ မိုင်ဝေးခြင်း	ကျေးရွာတွင်းကိုယ်ထူကိုယ်ထစနစ်ဖြင့် ဓါတ်တိုင်များစိုက်ထူပြီးစီးခြင်း၊ ၄၀၀ ဗို့အား ရှိမီးကြိုးများ တပ်ဆင်ထားပြီး ဖြစ်ခြင်း။ လက်ရှိတွင် အိမ်ထောင် စု ၆၀ တွင်ဆိုလာမီး ရှိပါသည်။	မဟာဓါတ်အားလိုင်းနှင့် ၁.၅မိုင်ဝေးသောကျေးရွာထိ ဓါတ်အားလိုင်းမရောက်လာသေးခြင်း ကျေးရွာအိမ်ထောင်စုနှင့် လုံလောက်စွာပေးနိုင်သော ၁၀၀ ကေဗွီထရန်စဖောမာဝယ်ရန် ငွေကြေးခက်ခဲခြင်း	မီးလင်းရေးဆပ်ကော်မတီဖွဲ့စည်း၍ မြို့နယ်လျှပ်စစ်ဌာနနှင့် ချိတ်ဆက်ပြီး ထရန်စဖောမာ ရရှိရန် ဆောင်ရွက်ခြင်း	ကျေးရွာမီးလင်းရေးရရှိအောင် ဆောင်ရွက်ခြင်း ၁။ အနီးဆုံးမဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းရန် ၁၁ ကေဗွီလိုင်းကြိုးများ ဝယ်ယူခြင်း ၂။ ၁၀၀ ကေဗွီဓါတ်အားရှိ ထရန်စဖောမာဝယ်ယူတပ်ဆင်ခြင်း။
၂ **ကျေးလက်လမ်းတံတား**					
ရွာအဝင်လမ်းရေဝင်ဗွက်ထသွားလာရမကောင်းခြင်း။ ရွာအဝင်သစ်သားတံတား	ကျေးရွာအဝင်လမ်းသည် မြေသားလမ်းဖြစ်သည့်အတွက် မိုးရာသီတွင် ရေကျော်၊ ဗွက်ထ၍ လူမှုရေး၊ ကျန်းမာ	ကျေးရွာမှ လုပ်အားထည့်ဝင်နိုင်ပါသည်။ ပေါက်နေသောသစ်သားတံတားကို တချောင်းကျိုးတချော	ကျေးရွာအဝင်လမ်းတလမ်းတည်းရှိသည့်အတွက် ကိစ္စမှန်သမျှ ဒီလမ်းတခုတည်း	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပြီးကျေးရွာအဝင်တံတား၊ လမ်းအဆင့်မြှင့် တင်ရန် ကြိုးစားဆောင်ရွက်မည်။	လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင်ဆောင်ရွက်ခြင်း။ ၁။ ကျေးရွာအဝင်လမ်းအဆင့်မြှင့်တင်ခြင်း

	ကျိုးပေါက်နေခြင်း။	ရေးစီးပွားရေးကိစ္စများအတွက် သွားလာရ အဆင်မပြေပါ။ ကျေးရွာအဝင်တံတားသည်နှစ်ရှည်ကာလကြာပြီးတနှစ်ပတ်လုံးအသုံးပြုနေရသဖြင့် ခံနိုင်ဝန် နည်းလာပါသည်။	င်းဖာစနစ်ဖြင့် အသုံးပြုနေပါသည်။	သာအသုံးပြုနေရခြင်း။ ကျေးရွာအဝင်လမ်း၊ တံတားအဆင့်မြှင့်တင်ရန် အများ စုမှာ ဆင်းရဲ သောကြောင့် ငွေကြေးတတ်နိုင်ခြင်းမရှိကြပါ။		၂။ တံတားအဆင့်မြှင့်တင်ရန်လက်ရှိသစ်သားတံတားကို ကွန်ကရစ်တံတားအဖြစ်မြှင့်ခြင်း ((၁၄'-၁၀'-၅') ၁၄' - ယာဉ်သွားလမ်း ၁၀' - ရေသွားလမ်း ၅' - အမြင့်
၃	**စိုက်ပျိုးရေး (သီးနှံ)**					
	စိုက်ပျိုးရေးသီးနှံများ သယ်ယူရာတွင် အလေအလွင့်များခြင်း၊ ကုန်ပို့စ ရိတ်များပိုကုန်ကျမှုရှိခြင်း၊ မျိုးကောင်းမျိုးသန့် မရရှိခြင်း နှင့် သီးနှံပိုးမွှားရောဂါကျရောက်ခြင်းများရှိပါသည်။	အထူးသဖြင့် မိုးရာသီသီးနှံကုန်ထုတ်ချိန်တွင် လမ်းပန်းဆက်သွယ်ရေး စနစ် ညံ့ဖျင်းခြင်းကြောင့် သီးနှံများအဆင့်ဆင့်(ထော်လဂျီကား)သယ်ယူရသဖြင့် ကုန်သယ်ယူချိန် ကြာမြင့်ပြီးကုန်ကျစရိတ်ပိုများကာအလေ့အလွင့်ပျက်ဆီးရုံးမှုများဖြစ်ရခြင်း ဖြစ်ပါသည်။	ကျေးရွာတွင် နွေစပါးမိုးစပါးသီးထပ်စိုက်ပျိုးနိုင်သော လယ်မြေ ၁၄၈ ဧကရှိပါ သည်။ စိုက်ပျိုးရေအတွက် နွေ၊ မိုး ကာဘိုဆည်မှ ရရှိပါသည်။	ကျေးရွာရှိလယ်သမားများသည် မီရိုးဖလာစိုက်နည်းစနစ်များဖြင့် သာ လုပ်ကိုင်နေကြပြီး စိုက်ပျိုးရေးဆိုင်ရာအလုပ်အကျင့်ကောင်းများ မသိရှိကြပါ။	စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်းများ ရရှိအောင် ဆောင်ရွက်ခြင်းများ ပြုလုပ်ရပါမည်။ **(သီးနှံကုန်ထုတ်လမ်းသည် ကျေးရွာအဝင်လမ်း ဖြစ်သဖြင့် ကျေးလက်လမ်း တံတားကဏ္ဍာတွင် တင်ပြပြီး ဖြစ်ပါသည်)**	ကျေးရွာ၏ စိုက်ပျိုးရေးကဏ္ဍာဖွံ့ဖြိုးတိုးတတ်အောင်ဆောင်ရွက်ခြင်း ၁။ စိုက်ပျိုးရေးနည်းစနစ်အလေ့ကျင့်ကောင်းဆိုင်ရာ ပညာပေးသင်တန်းများပေခြင်း ၂။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း။
၄	**စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**					
	အလုပ်အကိုင်အခွင့်အလမ်းနည်းပါခြင်း	ကျေးရွာသည်စိုက်ပျိုးရေးကိုအဓိကထား	ကျေးရွာရှိစုစုပေါင်းလူဦးရေ၏ ၇၀ %	အသက်မွေးဝမ်းကျောင်းပညာတ	အခမဲ့အသက်မွေးဝမ်းကျောင်းသင်နှိုးကျောင်းများနှင့်ချိတ်ဆက်၍	အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း၊

		လုပ်ကိုင်နေကြသဖြင့် စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သောသူများမှာ စိုက်ပျိုးရေးလုပ်ငန်းကို ပဲအားကိုးနေရသဖြင့် အလုပ်ကိုင်ခွင့်လမ်းများနည်းပါးခြင်းဖြစ်ပါသည်	လောက်သည် အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ပါသည် ယက္ကန်းရက်လုပ်တတ်သူ အနည်းငယ်ရှိသည်	တ်မြောက်မှုနည်းရခြင်းမှာလည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါခြင်း၏ ဟန့်တားတခုဖြစ်ပါသည်။	အသက်မွေးဝမ်းကျောင်းနည်းပညာများရရှိအောင် ဆောင်ရွက်ကြရပါမည်။ တိုင်တနိုင်လုပ်ငန်းလုပ်ချင်သူများအတွက်လည်း ရင်းနှီးငွေရရှိအောင် ပြင်ပငွေးချေးအဖွဲ့များနှင့် ချိတ်တက်၍ ဆောင်ရွက်ရပါမည်။	(စက်မောင်းသင်တန်း) (ယာဉ်မောင်းသင်တန်း) ယက္ကန်းလုပ်ငန်း အဆင့်မြင့်တင်ရန်အတွက် ယက္ကန်းကျွမ်းကျင်အဆင့်ရှိသူများနှင့် ချိတ်ဆက်သင်ကြားပေးခြင်း။ အတိုးနှုန်းသက်သာသော ငွေစုငွေချေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။
၅	**ကျန်းမာရေး**					
	ကျေးရွာတွင် သွေးလွန်တုပ်ကွေးရောဂါ၊ ဆီးချို၊ သွေးတိုးနှင့် ရာသီအပြောင်းအလဲကြောင့် ဖြစ်ပေါ်သော ဖျားနာရောဂါများ ဖြစ်ပွားမှုရှိခြင်း	ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် ၅မိုင်နီးပါးဝေးသဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ အားနည်းပါသည်။	ကျေးလက်ကျန်းမာရေးဌာနမှ လစဉ်ကာကွယ်ဆေးထိုးနှံပေးပါသည်။	ကျန်းမာရေးအသိပညာပေးဟောပြောပွဲများမရှိသလောက်နည်းပါသည်။ ယင်လုံအိမ်သာအသုံးမပြုသောအိမ်ထောင်စုများလည်းကျေးရွာ၏ သုံပုံတစ်ပုံကျော်လောက်ရှိနေပါသည်။	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှဦးဆောင်ပြီး ကျန်းမာရေးဟောပြောပွဲများကို ကျန်းမာရေးဌာန (သို့) ကျန်းမာရေးဝန်ဆောင်မှုပေးသောNGO/INGO အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ကြပါမည်။	ကျေးရွာ၏ကျန်းမာရေးအသိများတိုးပွားလာအောင် ဆောင်ရွက်ခြင်း ၁။ ကျန်းမာရေးအသိပညာဟောပြောပွဲများ မကြာခနဆိုသလိုပြုလုပ်ကျင်းပပေးခြင်း။ ၂။ ကျန်းမာရေးလက်ကမ်းစာဆောင်များ ဖြန့်ဝေခြင်း။ ၃။ ယင်လုံအိမ်သာလိုအပ်နေသေးသည့်အိမ်ထောင်စုများအတွက် ယင်လုံအိမ်သာတည်ဆောင်ခြင်း။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ(သစ်ကြီးတောာ)

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၃	၇
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၉	၁၀	၁၉
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၁	၁၅	၂၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၀	၁၀	၂၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၈	၁၃၁	၂၃၉
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၉	၁၆	၂၅
စုစုပေါင်း		**၁၅၁**	**၁၈၅**	**၃၃၆**
စုစုပေါင်း အိမ်ထောင်စု		**၈၃**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အိမ်ထောင်စုစာရင်းကောက်ယူပြီးသော အခါမှာ နို့စို့အရွယ်အလွန်နည်းပါးနေပါသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်များပြားနေပြီး ကျန်အရွယ်များမှာ အသင့်အတင့်မျှသာ ရှိပါသည်။ နို့စို့အရွယ်နည်းပါးရခြင်းမှာ စီးပွားရေး အဆင်မပြေမှုနှင့် သန္ဓေ တားဆေးများ သုံးစွဲခြင်းကြောင့် ဖြစ်သည် ဟု လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၇	၂၄	-	မြင့် ☐ လတ်☐ နိမ့် ☒
	အလုပ်သမား / ဝန်ထမ်း	၅	၉		မြင့် ☐ လတ် ☐ နိမ့် ☒
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၂		မြင့် ☐ လတ်☐ နိမ့် ☒
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☒
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☒
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၉	၃၈	မြင့် ☐ လတ်☐ နိမ့် ☒
	အလုပ်သမား / ဝန်ထမ်း			၅	မြင့် ☐ လတ်☐ နိမ့် ☒
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၃		မြင့် ☐ လတ်☐ နိမ့် ☒
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၅၃	-	၁၀၆	☒
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	**၈၃**	**၄၇**	**၁၄၉**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ

လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"**ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ လက်ရှိ တစ်အိမ်ထောင်စုချင်းစီအဆင့် သတင်းအချက်အလက်များ ကောက်ယူရာတွင် အချို့အိမ်ထောင်စုများမှာ အလုပ်အကိုင်တိုက်ဖွာ မဖော်ပြနိုင်သော အိမ်ထောင်စုများ ရှိပါသည်။ ကျပန်းအလုပ်လုပ်ကိုင်သူများပြားသော်လည်း ၎င်းတို့၏ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးနေပါသည်။ ကျေးရွာမှာ ပညာတက်ရောက်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်မှုအပေါ် မူတည်ပြီး ပုဂ္ဂလိကအလုပ်အကိုင်များကို လုပ်ကိုင်နိုင်မှု နည်းပါးနေပါသည်။

(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	–	–	–	–
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	–	–	–	–
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	–	–	–	–
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	–	–	–	–
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	–	–	–	–
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၆၀၀၀	၆၀၀၀	၅၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	–	–	–	–
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား	–	–	–	–
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	–	–	–	–
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	–	–	–	–

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လုပ်အားခနှုန်းထားများကို (ကျား) (မ) ဟူ၍ ခွဲခြားထားခြင်းမရှိပါ။ လယ်ယာလုပ်ငန်းခွင်တွင် အင်ဂျင်လုပ်ကိုင်သူများမှာ ပုတ်ပြတ်အနေဖြင့် အလုပ်ပြီးစီးမှုအလိုက် ကျပ်(၅၀၀၀) မှ ကျပ်(၁၀၀၀၀)အထိ ရရှိကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၄၈	ကောင်း ☐	သင့်☒	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၄၈	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊

(၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာမြေများသာ ရှိပါသည်။ ကျန်သော ယာမြေ၊ ဥယျာဉ်ခြံမြေ၊ ကိုင်း/ကျွန်း၊ ခနတောမြေ၊ စားကျက်မြေ၊ မြေလွတ်မြေလပ်များ လုံးဝမရှိပေ။ ဤဖြစ်စဉ်မှာ ကျေးရွာ၏ ဧရိယာအလွန်ကျဉ်းမြောင်းပြီး ရွာ၏ ပတ်ပတ်လည်မှာ လယ်ကွင်းများ ဝိုင်းရံထားသောကြောင့် ဖြစ်ပါသည်။ လယ်ယာမြေများသည် ဆည်ရေသောက်များဖြစ်သောကြောင့် နွေစပါး၊ မိုးစပါး နှစ်စဉ်စိုက်ပျိုးရပါသည်။ လယ်ယာမြေများသည် နွေ၊ မိုး စိုက်ပျိုးရသောကြောင့် မြေဆီလွှာများမှာ အသင့်အတင့်မျှ ကောင်းမွန်ပါတော့သည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☒	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☒
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☒	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☒
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☒ မရှိ ☐	လွယ် ☐ ခက် ☒ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☒	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။ လေ့လာတွေ့ရှိချက်။ ။ သစ်ကြီးတောကျေးရွာတွင် လယ်ယာမြေများမှလွဲ၍ အခြားသဘာဝအရင်းအမြစ်များ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၂ဧကမှ ၃၀ထိ	၅ဧကမှ ၁၂ကြား	၅ဧက အောက်	မြေယာမဲ့
အိမ်အခြေအနေ	နံကပ်၊ နှစ်ထပ်	သစ်သားအိမ်	မြေစိုက်/ ဝါးကပ်ကာ	ထန်းရွက်မိုး/ အိမ်ငှား
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ခွေလှေ၊ ထော်လာကျီ	လက်တွန်း	လက်တွန်း	တံစဉ်၊ ပေါက်ပြား၊ ဂေါ်
အဓိကစီးပွားရေးလုပ်ငန်း	လယ်ယာမြေစိုက်ပျိုး/ ယက္ကန်း	လယ်ယာမြေစိုက်ပျိုး/ ယက္ကန်း	လယ်ယာစိုက်/ လယ်အငှား	လယ်ယာလုပ်သား၊ ကျပန်း
အိမ်ထောင်စု	၅	၁၄	၅၃	၁၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ သစ်ကြီးတောကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးမှာအဆင်ပြေသော အဆင့်(၁)ဝင်အိမ်ထောင်စု(၅)စုသာ ရှိပါသည်။ အချို့အိမ်ထောင်စုများသည် လယ်ယာမြေမရှိသော်လည်း စီးပွားရေးအဆင်ပြေမှုမှာ လယ်(၅)ဧကပိုင်ဆိုင်သူထက်ပို၍ အဆင်ပြေကြောင်း တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်.. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။……

……

……

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ လုံးဝမရှိပါ။ အခြားဒေသသို့ သွားရောက်လုပ်ကိုင်သူမရှိရခြင်းမှာ ရွာ၏ လယ်ယာမြေလုပ်ငန်းနှင့် အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သော ကြောင့်ဖြစ်ပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သာမန်အားဖြင့် လူမှုစီးပွားရေး အသင့်အတင့်ရှိပြီး လမ်းပန်းဆက်သွယ်ရေး

ညံ့သောကြောင့် ဝန်ဆောင်မှုများ လက်လှမ်းမမှီသေးပါ။ ကျန်းမာရေးနှင့် သဘာဝဘေး ကြုံတွေ့ရနိုင်သည့် ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ အနည်းငယ် ကြုံတွေ့ရနိုင်သည်

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၂၀	ကားမောင်းဖြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ထိခိုက်သက်ရောက်လွယ်သည့်အခြေအနေနှင့် ထိခိုက်လွယ်သူများအနေအထားသည် သာမန်အားဖြင့် ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်သော အကျိုးဆက်များနှင့် သဘာဝဘေးအန္တရာယ်နှင့် ဆက်သွယ်သည်ထက် လူမှုစီးပွားရေးအနေအထားကြောင့် ထိခိုက်သည့်အနေအထား တွေ့ရှိရသည်။ လူငယ်များအနေဖြင့် သောက်စားမူးရစ်သွားလာခြင်းမှာလည်း ထိခိုက်လွယ်မှု အနည်းငယ်ရှိနိုင်သည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁☐ ၂☑ ၃☐	၅	-	၅	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ကျောင်းကော်မတီ	၁☐ ၂☑ ၃☐	၇	-	၇	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	လမ်းကော်မတီ	၁☐ ၂☑ ၃☐	၇	-	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	ဂေါပက	၁☐ ၂☐ ၃☑	၅	-	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	မီးလင်းရေး	၁☐ ၂☑ ၃☐	၉	-	၉	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၆	မီးသတ်	၁☐ ၂☑ ၃☐	၇	-	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	လူမှုရေး	၁☐ ၂☑ ၃☐	၁၀	၁၅	၂၅	ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအခြေပြုအဖွဲ့အစည်းများတွင် စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေး၊ ယဉ်ကျေးမှု အခြေခံဖြင့် မျိုးစုံသောအဖွဲ့အစည်းများ (၇)ခုထိရှိကာ အများစုမှာ စွမ်းဆောင်မှု အသင့်အတင့်ရှိသည်ဟု ဖော်ပြပါသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	–	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	–	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	–	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄	–	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ –ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅	–	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်)**

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –** Care International, Save the Children, Gret, Pact Myanmar **စသည်)**

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)**

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ** GIZ, UKAid, USAid, **စသည်)**

(၆) **ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)**

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ သစ်ကြီးတောကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွဲ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၆၄	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၅	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၄	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၇	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၃	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၈၃	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ မြေယာမဲ့များမှာ ကျေးရွာ၏ (၇၇%)ခန့်ရှိပြီး မြေယာပိုင်ဆိုင်သူများမှာ (၂၃%)ခန့် ရှိပါသည်။ (၃%)မှာ တောင်သူကြီးများဖြစ်ပြီး (၂၀)ရာခိုင်နှုန်းမှာ တောင်သူလတ်/ငယ်များ ဖြစ်ပါသည်။ လယ်ယာ ပိုင်ဆိုင်သည့် အိမ်ထောင်စုအချို့သည် ကိုယ်ပိုင် မလုပ်ကိုင်ကြဘဲ အခြားတောင်သူများအား အငှားချထားပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၁၄၈	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☒ မဖြေဆိုပါ☐	ရှိ☒ မရှိ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၆	လက်ဝင်ရေတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ သစ်ကြီးတောကျေးရွာ၏ လယ်ယာမြေများမှာ ဆည်ရေသောက်ဖြစ်သည်။ ထို့ကြောင့် ရေရရှိမှုလုံလောက်ပြီး ရာသီအလိုက် စိုက်ပျိုးနိုင်ပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၁၄၈	တင်း	၅၀	၈၀	၆၅	Aug	Jan	မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သစ်ကြီးတောကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ ရွှေဘိုပေါ်ဆန်းမွေး(ဘေးကြား)စပါး ဖြစ်ပါသည်။ ရာသီဥတုအခြေအနေပေါ် မူတည်ပြီး တစ်ဧကအထွက်နှုန်း အပြောင်းအလဲရှိနိုင်ပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	-	-	-	-
လက်တွန်းထွန်စက်	၁၀	-	-	-
အစေ့ချ ကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	၄	-	-	-
ရေစုပ်စက်	၃	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	၅	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးလုပ်ငန်းသုံး ထွန်ကြီးများ၊ ရိတ်သိမ်းခြွေလှေ့စက်ကိရိယာများကို အခြား

ပုဂ္ဂလိကပိုင်များထံမှ ငှားရမ်းသုံးစွဲနေရပါသည်။ စက်ကိရိယာမရှိသော အိမ်ထောင်စုများသည် ငှားရမ်းအသုံးပြုပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☒
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☒
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ☒ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☒ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ ☒
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☒
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☒ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☒ မဖြေဆိုပါ ☐
